ခိုင်မျိုးထွန်း - လွတ်လပ်စွာထုတ်ဖော်ခွင့်ထိန်းသိမ်းခံရခြင်း။
(ယခု လူ့အခွင့်အရေးလှုပ်ရှားသူ၏အမှုအား မနက်ဖြန်တွင် စီရင်ချက်ချမည်ဟု မျှော်မှန်းသည်။)

(ရန်ကုန်၊ အောက်တိုဘာ ၁၇၊ ၂၀၁၇) ရခိုင်အမျိုးသားလူ့အခွင့်အရေးလှုပ်ရှားသူကိုခိုင်မျိုးထွန်းအား စွဲဆိုထားသည့် အမှုများအား မြန်မာအစိုးရအနေဖြင့် ပလပ်သင့်ပြီး၊ ၎င်းအား အခုချက်ချင်းလွတ်ငြိမ်းခွင့် ပေးသင့်သည်ဟု Fortify Rightsအဖွဲ့မှပြောသည်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် တရားရုံးမှ၎င်းအမှုအား မနက်ဖြန် အောက်တိုဘာလ ၁၂ရက်နေ့တွင်ဆုံးဖြတ်ချက်ချမည်။

Fortify Right အဖွဲ့၏အမှုဆောင်အရာရှိ မစ္စတာမက်သယူးစမစ်သ်မှ "ခိုင်မျိုးထွန်းကအိမ်မှာသူ့မိသားစုနဲ့အတူရှိနေသင့်တာ၊လူ့အခွင့်အရေးကာကွယ်ပေးတဲ့ကိစ္စကြောင့်သံတိုင်ကြားရောက်မနေသင့်ဘူး။အာဏာပိုင်တွေအနေနဲ့ချက်ချင်းလွှတ်ပေးသင့်တယ်။" ဟုပြောသည်။

စစ်တွေမြို့နယ်ရဲတပ်ဖွဲ့ဝင်များကလူမှုအဖွဲ့အစည်းများနှင့်နစ်ပေါင်းများစွာလက်တွဲဆောင်ရွက်ခဲ့သူ၊ အသက်၃၅နှစ်အရွယ်ရှိ ကိုခိုင်မျိုးထွန်းအား၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၅ရက်နေ့တွင်ထိန်းသိမ်းခဲ့သည်။ စစ်တွေအခြေစိုက် မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်းက ကိုခိုင်မျိုးထွန်းအား မြန်မာနိုင်ငံပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅ (ခ) နှင့် (ဂ) နိုင်ငံတော်အကြည်ညိုပျက်စေမှုနှင့်လှုံ့ဆော်မှုဥပဒေဖြင့်တိုင်တန်းခဲ့သည်။ ထိုစွပ်စွဲမှုသည် ၂၀၁၆ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် ရခိုင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်၏ နိုင်ငံရေးပါတီဖြစ်သော ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီမှ ထုတ်သောကြေငြာချက်တစ်စောင်နှင့်ဆက်စပ်နေပြီးထိုကြေငြာချက်တွင်မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၆ခုနှစ်နှစ်ဆန်းပိုင်းတွင် ရခိုင်ပြည်နယ်အတွင်းရှိအရပ်သားများအား အဓမ္မခိုင်းစေမှုများရှိခဲ့ပြီး အခြားသော အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့သည်ဟု ဖော်ပြထားသည်။ ထိုအချိန်တွင် ကိုခိုင်မျိုးထွန်းသည်ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ၏လက်ထောက်ပြန်ကြားရေးအရာရှိအဖြစ်တာဝန်ထမ်းဆောင်လျှက်ရှိသည်။

၂၀၁၇ခုနှစ် စက်တင်ဘာလ(၁၄)ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် မှတရားခံပြသက်သေနစ်ဦးကကိုခိုင်မျိုးထွန်းအမှုတွင်လာရောက်ထွက်ဆိုပေးခဲ့ကြသည်။ ၎င်းသက်သေများက မြန်မာ့တပ်မတော်အနေဖြင့် ရခိုင်အမျိုးသားတပ်မတော်နှင့်တိုက်ပွဲဖြစ်ပွားနေစဥ်အတွင်း ၎င်းတို့အား လက်နက်နှင့်ထောက်ပံ့ရေး ပစ္စည်းများအား ၂၀၁၆ခုနှစ်တွင် အဓမ္မသယ်ဆောင်ခိုင်းခဲ့ကြောင်းထွက်ဆိုခဲ့ကြသည်။ ရခိုင်အမျိုးသားတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့သည်၂၀၁၅ခုနှစ်၊ ဧပြီလမှစတင်၍တိုက်ပွဲများဖြစ်ပွားခဲ့သည်။

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာနှင့် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလများတွင် မြန်မာ့တပ်မတော်အနေဖြင့် အရပ်သားများအား အတင်းအကျပ်မြေကျင်းများတူးခိုင်းခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများကို အသက်အန္တရာယ်ခြိမ်းခြောက်ပြီး၊ ပို့ဆောင်စေခဲ့မှု(၇)မှုကို Fortify Rights နှင့်လုပ်ဖော်ကိုင်ဖက်များမှမှတ်တမ်းရယူခဲ့သည်။

မြန်မာ့အာဏာပိုင်များသည်ကိုနိုင်မျိုးထွန်းအား၂၀၁၆ခုနှစ်ဂျူလိုင်လမှစတင်ထိန်းသိမ်းထားခဲ့သည်။ တရားရုံးမှတရားသူကြီး၊ တရားလိုနှင့်သက်သေများ မပြည့်စုံခြင်းကြောင့် ကြားနာစစ်ဆေးရက်များကို များစွာရွှေ့ဆိုင်းခဲ့သော်လည်း အာမခံလျှောက်ထားမှုကိုကြိမ်ဖန်များစွာငြင်းဆန်ခဲ့သည်။

မစ္စတာ မက်သယူးစမစ်သ်မှ "အခုဆိုကိုနိုင်မျိုးထွန်းအချုပ်ခံရတာ (၁၅) လရှိပါပြီ။ အဲ့ဒါက ထင်ရှားမြင်ရာဆုံးဖြတ်ချက်တခုပါပဲ။ မြန်မာ့တပ်မတော်ခေါင်းဆောင်တွေက အတိတ်ကနေဘာမှမသင်ယူခဲ့ပဲ၊ လူ့အခွင့်အရေး လှုပ်ရှားသူတွေကို ထိန်းသိမ်းထားရင် သူတို့ကိုပါးစပ်ပိတ် ထားနိုင်မယ်လို့ထင်နေကြပါတယ်။" ဟုပြောသည်။

မြန်မာနိုင်ငံပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(ခ)နှင့်(ဂ)တို့သည် အများပြည်သူကိုကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ တခုခုဖြစ်စေရန်အကြံအစည် (သို့မဟုတ်) လူအမျိုးအစားအချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေ တဖက်နှင့်တဖက်ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ခြင်းတို့ကိုတားမြစ်ထားသည်။

၂၀၁၆ခုနှစ်၊ ဩဂုတ်လ (၂၆)ရက်တွင် မြန်မာအစိုးရအား ကုလသမဂ္ဂ ကိုယ်စားလှယ်သုံးဦးပါဝင်သည့် အခြေအမြစ်မရှိကိုနိုင်မျိုးထွန်းအား ထိန်းသိမ်းထားမှုအား ဆောင်ရွက်နေသည့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့တို့က ယခုကိစ္စအား ညှိနှိုင်းဆောင်ရွက်ရန် သဘောတူခဲ့သည်။ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၆ရက်နေ့တွင် မြန်မာအစိုးရက "လူတယောက်က အကျိုးအကြောင်းခိုင်လုံသောထုတ်ပြန်ချက်၊ ကြေငြာချက် (သို့မဟုတ်) ကောလဟာလ တခုခုကို ယုံကြည်ပြီးပြုလုပ်ဖြန့်ဝေခဲ့ရင်ပြစ်မှု မမြောက်ပါဘူး။"ဟုတုံ့ပြန်ခဲ့သည်။

မစ္စတာမက်သယူးစမစ်သ်က"အစိုးရရဲ့ဒီဥပဒေအပေါ်ဖြေရှင်းချက်ကကိုနိုင်မျိုးထွန်းအပေါ်မှာ စွဲဆိုထားတဲ့အချက်တွေက အခြေအမြစ်မရှိဘူးလို့ဖော်ပြနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူ့အခွင့်အရေး လှုပ်ရှားသူတွေနဲ့ ငြိမ်းချမ်းမှု တည်ဆောက်သူတွေ၊ အထူးသဖြင့် ရခိုင်ပြည်နယ်က အဲ့လိုလူတွေရဲ့အရေးပါတဲ့ ဆောင်ရွက်ချက်တွေကို ကူညီကာကွယ်ပေးသင့်ပါတယ်။"ဟုပြောသည်။

အသေးစိတ်သိလိုလျှင်အောက်ပါအတိုင်းဆက်သွယ်ပါ။


မက်သယူးစမစ်သ်၊ အမှုဆောင်အရာရှိချုပ် ၊ Fortify Rights
+66 85 028 0044, mathew.smit@fortifyrights.org
Twitter: @matthewfsmith, @FortifyRights

ဒေးဗစ်ဘော့လ်က်၊ မြန်မာ့လူ့အခွင့်အရေးကျွမ်းကျင်သူ၊ Fortify Rights
+05 979 311 1685, david.baulk@fortifyrights.org
Twitter: @davidbaulk , @FortifyRights